# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နေပြည်တော်စည်ပင်သာယာရေးကော်မတီ
# အသိပေးကြေညာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ဒက္ခိဏသီရိမြို့ရှိ ပေ (၈၀×၈၀) မြေကွက်(၁၉၇)ကွက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားမည်သူမဆို အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြေကွက်(၁)ကွက်လျှင် မြေတန်ဖိုးငွေကျပ်(၂၅၀)သိန်းနှုန်း သတ်မှတ်၍ မဲစနစ်ဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်း (၁၈-၁၁-၂၀၁၉)ရက်နေ့နှင့် (၂၅-၁၁-၂၀၁၉) ရက်နေ့များတွင် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ကြေညာခဲ့ပြီး (၁၀.၁.၂၀၂၀)ရက်နေ့တွင် မြေကွက်လျှောက်ထားသူ (၃၂၈)ဦးအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မင်္ဂလာခန်းမတွင် လျှောက်လွှာအလိုက် မဲနှိုက်နေရာ ချထားခဲ့ပြီးဖြစ်ပါသည်။

၂။ မြေကွက်လျှောက်ထားသူ (၃၂၈)ဦးတွင် မဲပေါက်သူ (၁၉၇)ဦး၊ မဲမပေါက်သူ (၁၃၁)ဦး ရှိပြီး မြေကွက်မဲပေါက်သူများမှ မြေတန်ဖိုး ပေးသွင်းပြီးစီးမှုအခြေအနေအရ ကျန်ရှိနေသော မြေကွက်(၁၄၆)ကွက်ကို ဒုတိယအကြိမ်အဖြစ် မဲနှိုက်နေရာချပေးသွားမည်ဖြစ်ပါသည်။

၃။ ပထမအကြိမ် မဲစနစ်ဖြင့်နေရာချထားခဲ့ရာတွင် အထက်အပိုဒ်(၂)ပါ မဲမပေါက်သူ(၁၃၁)ဦး အနက် (၈၈)ဦးသည် ထပ်မံမဲနှိုက်ရန် အဆိုပြုထားပြီး၊ ထပ်တိုးလျှောက်ထားသူ(၃)ဦးရှိသဖြင့် ဒုတိယအကြိမ် မဲနှိုက်မည့်သူ စုစုပေါင်း(၉၁)ဦး ရှိပါသည်။

၄။ အဆိုပါ မြေကွက်ဝယ်ယူလိုသူ(၉၁)ဦးကို ဒုတိယအကြိမ်မဲစနစ်ဖြင့် မြေကွက်ရောင်းချခြင်း အခမ်းအနားကို (၂၀-၃-၂၀၂၀)ရက်နေ့(သောကြာနေ့)၊ နံနက်(၁၀:၀၀)နာရီ အချိန်မှ စတင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

၅။ ဒုတိယအကြိမ်မဲစနစ်ဖြင့် ရောင်းချမည့် (၈၀×၈၀) လက်ကျန်မြေကွက် (၁၄၆)ကွက်၏ နေရာပြမြေပုံနှင့် မြေကွက်ဝယ်ယူလိုသူ(၉၁)ဦး၏ အမည်စာရင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Websitewww.nptdc.gov.mm နှင့် nptdc Webportal နေပြည်တော်စည်ပင်သာယာရေးကော်မတီ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၆။ (၂၀-၃-၂၀၂၀)ရက်နေ့ မဲနှိုက်နေရာချထားခြင်း အစီအစဉ် ပြီးဆုံးသည်နှင့် မဲပေါက်သူများ အမည်စာရင်းနှင့် မြေကွက်အမှတ်များကို ဖော်ပြပါ Website နှင့် Webportal တို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ/ဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

- မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
  နေပြည်တော်စည်ပင်သာယာရေးကော်မတီ
  နေပြည်တော်
  ဖုန်း-၀၆၇-၃၄၁၄၂၉၂/၀၆၇-၃၄၁၄၂၆၃။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ